
NOVEL
AUTHOR TEAM
နှင်းသွေးသဒ္ဒါ
Until Death
((Chapter-3))

## 21
## [ကြေးနီတံခါးဆီသို့]

နတ်ဘုရားချုပ် ကြည့်နေရင်း ရွှမ်းယင်လက်က လက်အိတ်ကို တွေ့တဲ့အခါမှာတော့ သူစိတ်အေးသွား၏။ ထို့ကြောင့် သူသည် လက်ရှိအခြေအနေမှာပဲ စိတ်ပြန်နှစ်ထားလိုက်သည်။

"သူတို့လေးယောက်မှာ တူညီတဲ့အချက်က ဘာလဲ"

"လုတာ"

ရုတ်တရက် ညင်သာတဲ့အသံက ချီးစီဘေးမှ ထွက်လာလေသည်။ မဆိုင်းမတွကို ဝင်ပြောလိုက်ခြင်း။ သို့နှင့် အားလုံးကလည်း သူ့ဆီကို အာရုံစိုက်လာကြသည်။ ရွှမ်းယင်ကတော့ မျက်လွှာချလျက်သာ ငြိမ်သက်နေ၏။

တစ်ဖန် နတ်ဘုရားတွေရဲ့အာရုံက လေထုအလယ်က ပုံရိပ်လေးခုဆီ ပြန်ရောက်သွားသည်။ ပျောက်သွားသူ လေးယောက်သည် အမှန်ပင်ကောင်းကင်မြို့တော်က အလုပန်းလေးတွေထဲက ဖြစ်၏။

ကျုံးရန်းယီလည်း ခေါင်းညိတ်လိုက်ပြီး

"နတ်ဘုရားရွှမ်းယင် ပြောတာမှန်တယ် ... နောက်တစ်ခု ထပ်စဉ်းစားရမယ်ဆိုရင် ဒီကိစ္စက ပြင်ပလောကနဲ့ ပတ်သက်နေမှာ စိုးရိမ်ရတယ် ... ပြင်ပလောကက လူတွေက အလုအပနဲ့ စွမ်းအားကြီးတာတွေကို အရမ်းသဘောကျကြတယ် ပြီးတော့ သူတို့ရဲ့ကျင့်ကြံမှုကလည်း ထူးဆန်းကြတယ်လေ"

ကျုံးရန်းယီ စကားဆုံးတဲ့အခါ နတ်ဘုရားတစ်ပါးက ပြောလေ၏။

"ပြင်ပလောကက လူဆိုရင်တော့ သူတို့ကတကယ်ပဲ လှပတာမျိုးကို သဘောကျကြမှာပဲ ... ဘာဖြစ်လို့လဲဆိုတော့ သူတို့လောကမှာရှိတဲ့ လူတွေက လှပတာမျိုး မရှိဘူးလေ... အခုကြည့်ရတာ သူတို့က ဒီဘက်ကို ကျူးကျော်လာနေတာပဲ"

"အဲဒီလိုပြောကြေးဆို သူတို့ဖမ်းချင်တဲ့ နတ်ဘုရားတွေထဲမှာ နတ်ဘုရားရွှမ်းယင်က ထိပ်ဆုံးက ပါဝင်မှာ မဟုတ်ဘူးလား"

ထိုစကားကိုပြောလာသူ နတ်ဘုရားဆီသို့ ချီးစီရဲ့မျက်စောင်းနက်နက်ရောက်သွားသည်။ ပထမစကားကို ပြောလိုက်တဲ့ နတ်ဘုရားကလည်း ဝင်ထောက်လာ၏။

"ဒါဆိုမင်းပြောချင်တာက လုပ်ကြံသူက အလှလေးတွေကို ရွေးပြီး ဖမ်းသွားတာ ... သူကရွှမ်းယင်ကိုကျတော့ ထားခဲ့တယ်ပေါ့ အကြောင်းတစ်ခုခုရှိနေတာများလား"

ကျုံးရန်းယီ နားထောင်နေရာမှ လန့်သွားတော့သည်။ နတ်ဘုရားလေးပါးပျောက်နေတဲ့ ကိစ္စကို ဆွေးနွေးနေရာကနေ ဘယ်လိုလုပ် မြားဦးက ရွှမ်းယင်ဆီ ရောက်သွားရတာလဲ။ သူအဲလိုတော့ အဖြစ်မခံနိုင်ပါ။ ကျုံးရန်းယီက စကားပြောသူ နတ်ဘုရားနှစ်ယောက်ဘက်ကို လှည့်၍။

"ကျင်းစွေတောင်ကို လွှန်ခဲ့တဲ့ သုံးပတ်လောက်ကတည်းက နတ်ဘုရားရွှမ်းယင်က ကာရံလိုက်ပြီးပြီဆိုတာကို ကောင်းကင်မြို့တော် တစ်ခုလုံး သိတယ် ... လုပ်ကြံသူက ကျင်းစွေတောင်အနားကို မကပ်နိုင်လို့ ရွှမ်းယင်ကို ပစ်မှတ်မထားတာလည်း ဖြစ်နိုင်တယ် .... အခုကိစ္စက ပြင်ပလောကနဲ့ သက်ဆိုင်နေတယ် ကျွန်တော်တို့ အချင်းချင်း စိတ်ဝမ်းမကွဲရင် အကောင်းဆုံးပဲ ...."

နတ်ဘုရားချုပ်ကလည်း ခေါင်းညိတ်ထောက်ခံသည်။

"ဟုတ်တယ် .... အရင်ဆုံး သေခြင်းရှင်ခြင်းတံတား ဘယ်အချိန် ပွင့်လာသလဲ သွားစုံစမ်းရမယ် ...."

ကျုံးရန်းယီက နတ်ဘုရားချုပ်ကို ထပ်မံ၍ ဂါရဝပြုလိုက်ပြီး ...

"နတ်ဘုရားချုပ် ပြောတာမှန်ပါတယ် ... ကျွန်တော်တို့ နတ်ဘုရားတချို့ကို ခေါ်ပြီး အဲဒီဘက်ကို သွားစုံစမ်းကြည့်ရပါမယ် ခရီးကဝေးတော့ လုပ်ကြံသူက သူ့လောကကို ပြန်မရောက်သေးလောက်ဘူး ကျွန်တော်တို့ သူတို့ကို အချိန်မီ ပြန်ကယ်လို့ ရနိုင်လောက်တယ်"

ထိုစဉ် ယွင်လန်က မတ်တတ်ထရပ်၍ လျှောက်လာသည်။

"ပြင်ပလောက လူတွေရဲ့ လက်ချက်ဆိုတာ မင်းမှာသက်သေရှိလား"

ယွင်လန်ရဲ့အသံက နည်းနည်းတော့ မာနေသည်။ အဲဒါကို ဘယ်သူကမှလည်း အပြစ်မတင်ရက်ပါ။ သူက သူ့သတို့သားလောင်း တစ်ယောက်လုံးကို ဆုံးရှုံးထားရသူ တစ်ယောက်မိုလို့လေ။

ကျုံးရန်းယီက ပြန်ဆို၏။

"ပြင်ပလောကရဲ့ ကျင့်ကြံမှု ပုံစံတွေကထူးဆန်းသလို ကျွန်တော်တို့ ကောင်းကင်မြို့တော်ထက်သာတဲ့ အရာတွေအများကြီး ရှိတယ်... နတ်ဘုရားအဆင့်ကိုတောင် ရတ်တရက် ပျောက်သွားအောင် ဖမ်းဆီးနိုင်တာက သူတို့ပဲရှိတယ် ...."

"ဘာဖြစ်လို့ နတ်ဆိုးမျိုးနွယ်ကော မဖြစ်နိုင်တာလဲ"

ချီးစီမျက်ခုံးတွေ တွန့်ချိုးသွားသည်။ ဒီကိစ္စက နတ်ဆိုးမျိုးနွယ်နဲ့ လုံးဝမဆိုင်ဘူးဆိုတာ အသိသာကြီးကို။ ယွင်လန်က သက်သက်မဲ့ နတ်ဆိုးမျိုးနွယ်ကို အပြစ်ပုံချချင်နေတာပဲ။ ဒါကသူ့ကို ဒေါသထွက်စေသည်။

ချီးစီ နှုတ်ဟာတော့မည်အပြုတွင် လက်သွယ်သွယ်လေး တစ်ဖက်က သူ့လက်ချောင်းတွေပေါ် ကျရောက်လာ၏။ ချီးစီကြည့်လိုက်တော့ ရွှမ်းယင်က ဘေးစောင်း၍ သူ့ကိုကြည့်နေသည်။

"ငြိမ်ငြိမ်လေးနေ"

"ဟုတ်"

ကျုံးရန်းယီက ဆက်ဖြေပါ၏။

"နတ်ဆိုးမျိုးနွယ်ရဲ့ အရှင်မင်းသားက အသက်ရှင်လျက် ရှိနေသေးတယ်ဆိုတာ မှန်ပေမဲ့ သူလုပ်တာ မဖြစ်နိုင်ဘူး .... သူသာ စွမ်းအားကြီးရင် အခုအချိန်မှာ ကောင်းကင်မြို့တော်ကို လက်စားချေပြီးလောက်ပြီ ဘာဖြစ်လို့ တစ်ယောက်စ နှစ်ယောက်စနဲ့ အချိန်ကုန်ခံနေမှာလဲ ...."

ချီးစီဒီတစ်ခါတော့ ကျုံးရန်းယီကို အခဲမကျေစွာ ကြည့်ရပါတော့သည်။ ဘာဖြစ်လို့များ အမှန်တရားတွေကို ကွင်းကွင်းကွက်ကွက်ကြီး ပြောနိုင်တာလဲ။ သူတကယ်ကြီး စွမ်းအားမကြီးသေးပါ။

သူ့မှာ ရွှမ်းယင်တို့ ယွင်လန်တို့လို စွမ်းအားကြီး နတ်ဘုရားတွေကို တိုက်ခိုက်နိုင်တဲ့ အရည်အချင်း ရှိပါသည်။ သို့သော် နတ်ဘုရားလေးပါးကို တစ်ပြိုင်တည်း ဖမ်းနိုင်လောက်တဲ့ အရည်အချင်းတော့ သူ့မှာမရှိချေ။ အဲဒါကလည်း သူ့စွမ်းအားနည်းလို့ မဟုတ်ဘဲ သူ့ရဲ့မွေးရာပါ အထိန်းအကွပ်မဲ့ စွမ်းအားတွေကို သူ့အမေက ချိပ်ပိတ်ပေးထားတာကြောင့်ပင်။

ကျုံးရန်းယီ ပြောသလိုပဲ သူ့မှာသာ စွမ်းအားအမြောက်အမြား ရှိမယ်ဆိုရင် ကောင်းကင်မြို့တော်ကို တောက်တောက်စဉ်းပြီး ဆီပူထဲ ထည့်ကြော်ပြီးပြီ။

နောက်ဆုံးတော့ နတ်ဘုရားချုပ်ကပဲ ဝင်ပြောရတော့သည်။

"ကောင်းပြီ .... အားလုံးတော်ကြတော့ ကျုံးရန်းယီ မင်းက သေခြင်းရှင်ခြင်းတံတား ဘယ်အချိန် ပွင့်လာသလဲ ဘယ်အချိန် ပိတ်သွားနိုင်သလဲ သွားစုံစမ်းခဲ့ ... မင်းနဲ့အတူ နတ်ဘုရားနှစ်ယောက်လောက်ကိုလည်း အတူခေါ်သွား ... ပြီးတော့ အခုတလော ကြေးနီတံခါးကလည်း လှုပ်ရှားလာတယ် အားလုံး သတိထားပြီး အဲဒီနေရာကို သွားစုံစမ်းပေးဖို့ တောင်းဆိုပါတယ်"

နတ်ဘုရားချုပ်ဆီကနေ ကြေးနီတံခါးဆိုတဲ့ စကားလုံးကိုပါ ထပ်ကြားလိုက်ရတဲ့အခါ နတ်ဘုရားအပေါင်း တုန်လှုပ်သွားတော့သည်။ ပထမတစ်ခုက သေခြင်းရှင်ခြင်းတံတား၊ ဒုတိယတစ်ခုက ကြေးနီတံခါး။ အကယ်၍များ သေခြင်းရှင်ခြင်းတံတား ပျက်စီးသွားပြီး ကြေးနီတံခါးသာ ပွင့်သွားမယ်ဆိုရင် ငရဲပြည်လည်း စည်းပေါက်သွားလိမ့်မည်။

နောက်ထပ်တစ်ခု ရှိသေးသည်။ မရဏာသစ်ပင်။ မရဏာသစ်ပင်က ငရဲပြည်နဲ့ ထိစပ်နေတဲ့ နယ်နိမိတ်မှာရှိတဲ့ အစွမ်းရှိသစ်ပင်တစ်ပင် ဖြစ်သည်။ ထိုသစ်ပင်သည် ငရဲပြည်ရှိ နတ်ဆိုးတွေကို ချုပ်နှောင်ပေးထားသည့် အရာဖြစ်၏။

ငရဲပြည် စည်းပေါက်သွားရင် မရဏာသစ်ပင်ကလည်း ကြာကြာခံတော့မည် မဟုတ်ပါ။

"ရွှမ်းယင် ....."

နတ်ဘုရားချုပ်ရဲ့ အသံကိုကြားတဲ့အခါ ရွှမ်းယင် ခေါင်းမော့ကြည့်လိုက်သည်။ မျက်လုံးချင်း ဆုံသွား၏။ ရွှမ်းယင်ခေါင်းထဲကို နှစ်၂၀၀တုန်းက ကျင်းစွေတောင်ကို မင်းလက်ထဲ အပ်ခဲ့ပါပြီဆိုတဲ့ နတ်ဘုရားချုပ်အား ပြန်မြင်ယောင်ကြည့်နေမိသည်။

"ရွှမ်းယင် မင်းက အစီအရင်နဲ့ အကာအကွယ် စည်းတံဆိပ်တွေ ပြုလုပ်တဲ့နေရာမှာ ထူးခြားတော့ ကြေးနီတံခါးဆီကို မင်းသွားပေးလို့ရမလား"

"ကိစ္စမရှိပါဘူး"

နတ်ဘုရားအပေါင်း အံ့အားသင့်သွား၏။ ကြေးနီတံခါးက အရမ်းကို အန္တရာယ်များတဲ့ နေရာတစ်ခုပဲ ထိုနေရာက ငရဲပြည်နဲ့ ဆက်စပ်နေတာကြောင့် မကောင်းတဲ့ အမှောင်ဓာတ်တွေလည်း များသည်။ ကြေးနီတံခါးနားရောက်ဖို့တောင် အတော်လေး ကြိုးစားရမည်။

သည်းမခံနိုင်တော့တဲ့ ချီးစီ မတ်တတ်ထရပ်လိုက်တော့သည်။

"နတ်ဘုရားချုပ် .... ကြေးနီတံခါးက အရမ်းကို အန္တရာယ်များတဲ့ နေရာတစ်ခုလေ ဘာဖြစ်လို့ ရှစ်ဖွင်းတစ်ယောက်တည်းကို သွားခိုင်းရတာလဲ"

ရွှမ်းယင် ချီးစီလက်ကိုဆွဲကာ ပြန်ထိုင်ခိုင်းရသည်။

"ဟားဟားဟား ... ငါကသူ့ကို တစ်ယောက်တည်း မလွှတ်ပါဘူး ... မင်းလည်း သူနဲ့အတူ လိုက်သွားလို့ရသလို ဒီထဲက စွမ်းအားကြီး နတ်ဘုရားတချို့ကိုလည်း အတူသွားခိုင်းမှာပါ"

"နတ်ဘုရားယွင်လန်ကော ပါမှာလား ကျွန်တော် ကြားဖူးတာတော့ ကြေးနီတံခါးက ပြင်ပလောကနဲ့ ဆက်နွယ်နေတဲ့ နေရာတဲ့ ... ပြင်ပလောကကို သစ်ပင်လို့ ခေါ်မယ်ဆိုရင် ကြေးနီတံခါးက အမြစ်ပဲ ပြောလို့မရဘူး လုပ်ကြံသူက အဲဒီနေရာမှာ ရှိချင်လည်း ရှိနေမှာ"

ထိုအခါ ယွင်လန်သည် နတ်ဘုရားရွှမ်းယင်၏ တပည့်ဆိုသောသူကို ကြည့်လိုက်တော့သည်။

"မင်းက ဘာပြောချင်နေတာလဲ"

"ပြင်ပလောကကို ဆက်သွယ်ထားတဲ့ သေခြင်းရှင်ခြင်းတံတားက မကြာသေးခင်ကမှ ပွင့်သွားတာဆိုရင် အနည်းဆုံး တစ်လလောက်ကတော့ ပြန်ပွင့်မှာ မဟုတ်သေးဘူးလေ... အဲဒီတော့ လုပ်ကြံသူက တံတားကို ပြန်သွားမှာ

မဟုတ်သေးဘူး ... သူက အမှောင်ထုတွေ လွှမ်းမိုးတဲ့နေရာမှာ ပုန်းနေမှာပဲ ကြေးနီတံခါးက အဲဒီနေရာတွေထဲက တစ်ခုပဲမဟုတ်ဘူးလား"

ချီးစီသည် ရှွမ်းယင်သူ့လက်ကို ဆွဲနေတာကိုပင် ဂရုမထားတော့ပေ။ ရှွမ်းယင်မှာ သူ့တပည့်လေးကို မော့ကြည့်နေရသည်။

"တကယ်လို့များ အဲ့နေရာမှာ နတ်ဘုရားရှန်ဟွမ်းတို့ ရှိနေတယ်ဆိုရင် ကျွန်တော့်ရှစ်ဇွင်းက ဝင်ကယ်ပေးနေရဦးမှာလား ... အကာအကွယ် စည်းတံဆိပ်တွေ ပြုလုပ်ပြီး ကြေးနီတံခါးကိုလည်း ပိတ်ရဦးမယ် လူလည်းကယ်ရဦးမှာလား လူကယ်မယ့်သူက လူကယ်ဖို့ သက်သက်လိုက်ခဲ့စေချင်တယ် ကျွန်တော်ကတော့ ကျွန်တော့်ရှစ်ဇွင်းကို အန္တရာယ်များတဲ့ အရာတွေ မလုပ်ခိုင်းဘူး"

'ဒှန်း...'

ဘယ်နေရာကမှန်း မသိတဲ့ နတ်ဘုရားတစ်ပါးက ထအော်တော့သည်။

"ဒါနတ်ဘုရားတွေ ဆွေးနွေးပွဲ ... မင်းလို တပည့်ကလေးတစ်ယောက်က စကားထွက်ပြောရဲရအောင် အတော်သတ္တိကောင်းနေတယ်ပေါ့လေ ... မင်းဆရာက မင်းကို ဘာမှဆိုဆုံးမမှု မရှိပုံပဲ ... ဟင့် ငါတော့ ဒီလောက်ရိုင်းတဲ့ ရှွမ်းယင်ရဲ့တပည့်မျိုး မမြင်ဖူးဘူး"

ချီးစီ ထိုအသံရှင်အား စူးစူးရဲရဲ ပြန်စိုက်ကြည့်လိုက်သည်။

"ခင်ဗျားတပည့်တွေက လူလိမ္မာလေးတွေပေါ့လေ"

"မင်း ..."

ထိုသူက ဒေါသထွက်ကာ စွမ်းအင်လက်သီးတစ်လုံး လှမ်းပစ်လိုက်သည်။ နူးညံ့သော အပြာရောင် စွမ်းအင်တစ်ခုက ဖြတ်ဝင်ကာ ထိုလက်သီးကို ဖျက်ဆီးပစ်လေ၏။ ကြည့်လိုက်တော့ ရှွမ်းယင်က ချီးစီရှေ့မှာ ပိတ်ရပ်ပေး

ထားသည်။

တစ်ဖက် နတ်ဘုရား၏ ဒေါသထွက်လွန်းလို့ နီရဲနေတဲ့ မျက်နှာကို ကြည့်တောင်မကြည့်ဘဲ ရွှမ်းယင်သည် နတ်ဘုရားချုပ်ကိုသာ ဂါရဝပြုလိုက်ပါ၏။

"နတ်ဘုရားချုပ် ... ချီးစီကငယ်ပါသေးတယ် အခုလို စိတ်လိုက်မာန်ပါ ပြောမိတာတွေအတွက် နတ်ဘုရားချုပ်က သူ့ကိုခွင့်လွှတ်ပေးပါ"

"ဟားဟားဟား သူ့မှာအပြစ်မရှိပါဘူး ... သူကမင်းကို ကာကွယ်ပေးချင်တဲ့ စိတ်ကလေး အပြည့်အဝရှိတဲ့ ကလေးပဲလေ မင်းဂုဏ်ယူသင့်တယ် ... ငါကလည်း မင်းကိုအန္တရာယ်တောထဲ တွန်းမပို့ပါဘူး .... မင်းကို ကူညီပေးဖို့ နတ်ဘုရားတွေကို ငါကိုယ်တိုင် ရွေးပေးလိုက်မယ်"

"ကျေးဇူးတင်ပါတယ်"

ရွှမ်းယင် ခါးကိုင်း၍ ဂါရဝပြုလိုက်သည်။ ထို့နောက် ကြေးနီတံခါးကို သွားဖို့အတွက် နတ်ဘုရားချုပ်က နောက်ထပ်နတ်ဘုရား နှစ်ပါးကို ရွေးချယ်လိုက်သည်။ ယွင်လန်သည်လည်း ချီးစီပြောတာကို ထပ်ခါထပ်ခါ တွေးကြည့်ပြီးနောက်တွင် ချီးစီပြောတာက ဖြစ်နိုင်ချေတွေ အများကြီးရှိကြောင်း တွေ့ရလေရာ သူလည်းလိုက်ဖို့ ဆုံးဖြတ်လိုက်သည်။

သူလိုက်ဖို့ လက်ခံလိုက်တဲ့အခါ ချီးစီနှုတ်ခမ်းတွေက လူမသိသူမသိ ကွေးညွတ်သွား၏။ ယွင်လန်က ရှန်ဟွမ်းကို တကယ်ချစ်ပုံပင်။

ခန်းမဆောင်ထဲကနေ ထွက်ခွာတဲ့အခါ လူရှုပ်ထွေးနေတာကို အခွင့်ကောင်းယူကာ ချီးစီ ကြမ်းပြင်ကို တိုးတိုးတိတ်တိတ် ခြေတစ်ချက်ဆောင့်လိုက်သည်။ အစိမ်းရောင် အငွေ့တစ်ခုက လျှင်လျှင်မြန်မြန် ပျံသန်းသွားပြီးတော့ နတ်ဘုရားယွင်လန်၏ ခန္ဓာကိုယ်ထဲ ဝင်သွားသည်။

ဘယ်သူမှမသိလိုက်။ နတ်ဘုရားယွင်လန် ကိုယ်တိုင်ပင် မသိလိုက်ပေ။ အရမ်းမြန်ပြီး စွမ်းအင်ဖုံးကွယ်ထားတာက ပိရိလွန်းလို့ ရှမ်းယင်တောင် သတိမထားမိလေဘူး။ အားလုံးကလည်း နတ်ဘုရားလေးပါး ပျောက်နေတဲ့ ကိစ္စအပေါ် အာရုံစိုက်နေသည်ကိုး။

ကျင်းစွေတောင်ကို ရောက်တဲ့အခါ ဇီဖုန်းရယ် ပြန်မရောက်သေးကြောင်း တွေ့ရတာကြောင့် ရှမ်းယင် ချီးစီကို လှည့်မေးလိုက်လေတော့သည်။

"ဖုန်းရယ်က သူ့နန်းဆောင်မှာ ကျင့်ကြံနေတာ ... ကျွန်တော်လည်း အရင်ကထက် ပိုလေ့ကျင့်ရတော့မှာဆိုတော့ အခုတလော သူ့ကိုမလာသေးဖို့ ပြောထားတယ်"

"သြော်"

ရှမ်းယင် နန်းဆောင်ဘက်ကို ပြန်လှည့်ထွက်ဖို့ ပြင်လိုက်တဲ့အခါ ချီးစီထိုသူလေး၏ လက်ကောက်ဝတ်ကို ဖမ်းဆွဲထား၏။ ဇီဖုန်းရယ်ကို မလာခဲ့ဖို့ ပြောလိုက်တာက အခုတလော ရှမ်းယင်ရဲ့ပုံစံက မူမမှန်ပေ။

"ရှစ်ဇွင်း ကျွန်တော့်ကို ပြောပြလို့မရတဲ့ ကိစ္စတစ်ခုခု ဖြစ်နေတာလား ရှစ်ဇွင်း အခုရက်ပိုင်းမှာ နည်းနည်း စိတ်နဲ့ကိုယ်နဲ့ မကပ်သလိုကြီး ဖြစ်နေတယ်"

"ငါဘာမှမဖြစ်ဘူး"

"ရှစ်ဇွင်းရယ် မလိမ်ပါနဲ့ ... ကျွန်တော်က ရှစ်ဇွင်းမပြောပြတာနဲ့ မသိတော့ဘူး ထင်နေတာလား ရှစ်ဇွင်း နှင်းနတ်ဘုရားမကို သွားတွေ့တာ ရှစ်ဇွင်းနဲ့ပတ်သက်တဲ့ အတိတ်အကြောင်း တစ်ခုခုမေးတာ မဟုတ်လား"

ရှမ်းယင် ချီးစီမျက်လုံးထဲကို တည့်တည့် စိုက်ကြည့်လိုက်တဲ့အခါ မျက်ဝန်းနက်ထဲက သူ့ရဲ့အပြာရောင် ပုံရိပ်ကလေးကို ပြန်မြင်ရလေသည်။

ချီးစီက လှေကားထစ်၏ အောက်တစ်ဆင့်တွင် ရပ်နေပေမဲ့ လှေကားထစ်၏ အပေါ်တစ်ဆင့်တွင် ရပ်နေတဲ့ ရွှမ်းယင်နဲ့ တစ်တန်းတည်း ဖြစ်နေသည်။

***